# သွားလာပို့ဆောင်ရေး ယာဉ်လိုပါသလား?

## MDwise အဖွဲ့ဝင်များအတွက်
## ဆရာဝန်၊ သွားဆရာဝန်တို့နှင့် ပြသရန်
## အခမဲ့ကြိုပို့ ရနိုင်ပါသည်။



MDwise တွင် သွားလာရေးဆိုင်ရာ RIDEwise (ရိုက်ဝိုက်စ်) ဟုခေါ်သည့် အစီအစဉ်တစ်ခုရှိပါသည်။ ယင်းအစီအစဉ်သည် နှစ်တိုင်း ဆရာဝန်၊ သွားဆေးခန်း သို့မဟုတ် ဆေးခန်းဆီသို့ အသွား အပြန် ပို့ဆောင်ရေးများကို အကုန်ကျခံပေးပါသည်။ သွားလာရေးအတွက် အခြားနည်းလမ်းဖြင့် မရနိုင်သော အခါတွင် စီးနင်းရန်အတွက် ချွေတာထားသင့်ပါသည်။ သင်နေထိုင်ရာဒေသအတွင်းတွင် ရနိုင်ပါက သင့်ဆရာဝန်ထံသို့ သွားရန်အတွက် MDwise သည် ဘတ်စ်ကား စီးနင်းခွင့် လက်မှတ်တစ်ခုကို ပေးနိုင်ပါသည်။ သင်သည် လောင်စာဆီဖိုးလည်း ပြန်တောင်းနိုင်ပါသည်။ သင်အရေးတကြီးသွားရန် လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ။

## လောင်စာဆီစားရိတ် ပြန်တောင်းခြင်း-

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်မိတ်ဆွေ သို့မဟုတ် ဆွေမျိုးတစ်ဦးဦးဖြစ်စေ မော်တော်ယာဉ်မောင်းပြီး ဆရာဝန်၊ သွားဆရာဝန် သို့မဟုတ် ဆေးခန်းသို့ လာရောက်နိုင်ပြီး လောင်စာဆီဖိုး ပြန်ပေးပါမည်။ ဖုန်းနံပါတ် 1-800-356-1204 သို့ ခေါ်ဆိုလိုက်ပြီး သွားလာရန် နည်းလမ်းတစ်ခုကို ရွေးချယ်ပါ။ ဖုန်းဖြေသူအား သင်သည် ခရီးစားရိတ် ပြန်တောင်းလိုကြောင်းကို အသိပေးပါ။ သင့်ခရီးစဉ်အတွက် ကြိုမစီစဉ်ထားဘဲ အတည်ပြုမှု မရှိပါက သင့်မိတ်ဆွေ သို့မဟုတ် ဆွေးမျိုးသားချင်းသည် ခရီးစရိတ် ပြန်မရနိုင်ပါ။

သင့်အား လိုက်လံပို့ဆောင်လိုပါက သင့်ယာဉ်မောင်းသည် ၎င်းတို့၏ကားအတွက် လက်ရှိအာမခံနှင့် တရားဝင်ယာဉ်မောင်းလိုင်စင် ရှိထားရပါမည်။ MDwise အနေနှင့် သင်သည် ချိန်းဆိုရာနေရာ အသွားအပြန် ခရီးမိုင်မည်မျှ မောင်းနှင်သွားခဲ့ကြောင်း ဖြေဆိုရန် သင့်ထံသို့ လျှောက်လွှာတစ်စောင်အား ပေးပို့ပါလိမ့်မည်။ သင်သည်လျှောက်လွှာတွင် ဆရာဝန်လက်မှတ် လိုပါမည်။

## ပို့ဆောင်ရေးယာဉ်အတွက် ကြိုတင်စီစဉ်ရန်-

သင်၏ ချိန်းဆိုမှုအတွက် ပို့ဆောင်ရေးယာဉ် ရရှိအောင် ထိုနေ့ချင်းပင် MDwise ဖောက်သည် ဝန်ဆောင်မှုဌာန 1-800-356-1204 သို့ ဖုန်းခေါ် ပြီး စီစဉ်သင့်ပါသည်။ ဆရာဝန်နှင့် ချိန်းဆိုထားခြင်းမတိုင်မီ အနည်းဆုံး ရုံးဖွင့်ရက်နှစ်ရက် ကြိုတင်၍ ပို့ဆောင်ရေးယာဉ် အတွက် စီစဉ်ရန် ဖုန်းဆက်ရပါမည်။ ဥပမာ အားဖြင့်၊ အကယ်၍ သင်သည် ဗုဒ္ဓဟူးနေ့တွင် ဆရာဝန်နှင့် တွေ့ဆုံရမည် ဆိုပါက တနင်္လာနေ့ နောက်ဆုံးထားပြီး ဖုန်းဆက်ရပါမည်။ အရေးကြီး** ချိန်းဆိုမှုများအတွက် ၂ရက် ကြိုတင်ခေါ်ရန် မလိုအပ်ပါ။ ရက်သတ္တပတ်ကုန် ရုံးပိတ်ရက်များနှင့် အများပြည်သူ အားလပ်ရက်များကို ထည့်မတွက်ပါ။ အကယ်၍ သင့်ချိန်းဆိုချက်ကို ဖျက်သိမ်းခဲ့သော် သို့မဟုတ် ပြောင်းလဲခဲ့သော် ပို့ဆောင်ရေးယာဉ် စီစဉ်ထားခြင်းကိုလည်း ဖျက်သိမ်းရန် သို့မဟုတ် ပြောင်းလဲရန်အတွက် MDwise သို့ ချက်ချင်း ဖုန်းဆက်ပါ။

ပို့ဆောင်ရေးယာဉ်အတွက် စီစဉ်ရန် သင်ဖုန်းမဆက်မီ သင့်ဆရာဝန် သို့မဟုတ် သွားဆရာဝန်နှင့် ချိန်းဆိုချက် အရင်လုပ်ရပါမည်။

### သင်ဖုန်းခေါ်ဆိုသည့်အခါ:

1. ပို့ဆောင်ရေးယာဉ်အတွက် စီစဉ်ရန် သင်ဖုန်းဆက်ချိန်တွင် အသင်းဝင် ID ကတ်ကို အဆင်သင့် ယူထားပါ။ အောက်ပါတို့ကိုလည်း သင်သိထားရန်လိုပါသည်-
   - သင်၏ လိပ်စာနှင့် ဖုန်းနံပါတ်
   - သွားရမည့် နေ့ရက်နှင့် အချိန်၊ ပြီးဆုံးမည့် ခန့်မှန်းခြေအချိန်
   - ဆရာဝန် သို့မဟုတ် ဆေးခန်း အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်
2. ပို့ဆောင်ရေးယာဉ် စာရင်းပေးရန် MDwise ဖောက်သည် ဝန်ဆောင်မှုဌာန 1-800-356-1204 သို့ ဖုန်းဆက်ပါ။ သေသေချာချာ နားထောင်၍ ခရီးသွားလာရေး နည်းလမ်းတစ်ခုကို ရွေးချယ်ပါ။

RIDEwise

နံနက် 8:00 နာရီမှ ညနေ 8:00 နာရီကြားတွင် သင်ဖုန်းခေါ်ဆိုရမည်။ အရှေ့တိုင်းအချိန် တနင်္လာနေ့မှ သောကြာနေ့ အထိဖြစ်သည်။ MDwise သည် ဆေးဆိုင်သို့ သွားသော ခရီးစဉ်များအတွက်မူ တာဝန်မယူပါ။

** အရေးကြီး ချိန်းဆိုမှုများ ကျောက်ကပ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ အနာဆေးထည့်ခြင်း၊ ကင်ဆာကုထုံး၊ ဆေးရုံဆင်းခြင်းနှင့် ပြင်ပလူနာ ခွဲစိတ်မှု။

MDwise
A McLaren Company

*(Hoosier Healthwise နှင့် Healthy Indiana Plan (HIP) အစီအစဉ် သွားလာရေး အကျိုးခံစားခွင့်များအတွက် စာမျက်နှာ အခြားတစ်ဖက်ကို ကြည့်ပါ။)*

## Hoosier Healthwise

MDwise အဖွဲ့ဝင် အားလုံးအတွက် ဆရာဝန်၊ သွားဘက်ဆိုင်ရာနှင့် ဆေးခန်းရက်ချိန်းတို့အတွက် ကြိုပို့ကို စီစဉ်ပေးပါသည်။ အကြိုအပို့ စီစဉ်လိုပါက ဖောက်သည်ဝန်ဆောင်မှုသို့ ဖုန်းခေါ်ပါ။ 1-800-356-1204 သို့ ခေါ်ဆိုလိုက်ပြီး သွားလာရန် နည်းလမ်းတစ်ခုကို ရွေးချယ်ပါ။ အရေးပေါ်မဟုတ်သည့် ဆရာဝန်ချိန်းဆိုမှုကို သွားလာရန် အနည်းဆုံး နှစ်ရက် ဖုန်းကြိုခေါ်ပါ။ အရေးကြီး** ချိန်းဆိုမှုများအတွက် နှစ်ရက် ကြိုတင်ခေါ်ရန် မလိုအပ်ပါ။ အကယ်၍ သင့်ချိန်းဆိုချက်ကို ဖျက်သိမ်းခဲ့သော် သို့မဟုတ် ပြောင်းလဲခဲ့သော် ပို့ဆောင်ရေးယာဉ် စီစဉ်ထားခြင်းကိုလည်း ဖျက်သိမ်းရန် သို့မဟုတ် ပြောင်းလဲရန်အတွက် MDwise သို့ ချက်ချင်း ဖုန်းဆက်ပါ။

## Healthy Indiana အစီအစဉ်

MDwise အဖွဲ့ဝင် အားလုံးအတွက် ဆရာဝန်၊ သွားဘက်ဆိုင်ရာနှင့် ဆေးခန်းရက်ချိန်းတို့အတွက် ကြိုပို့ကို စီစဉ်ပေးပါသည်။ သွားလာရန် ကြိုတင်စီစဉ်လိုပါက 1-800-356-1204 သို့ဖုန်းခေါ် ပြီး နည်းလမ်းတစ်ခုကို ရွေးချယ်ပါ။ အရေးပေါ်မဟုတ်သည့် ဆရာဝန် ချိန်းဆိုမှုကို သွားလာရန် အနည်းဆုံး နှစ်ရက် ဖုန်းကြိုခေါ်ပါ။ အရေးကြီး** ချိန်းဆိုမှုများအတွက် ၂ရက် ကြိုတင်ခေါ်ရန် မလိုအပ်ပါ။ အကယ်၍ သင့်ချိန်းဆိုချက်ကို ဖျက်သိမ်းခဲ့သော် သို့မဟုတ် ပြောင်းလဲခဲ့သော် ပို့ဆောင်ရေးယာဉ် စီစဉ်ထားခြင်းကိုလည်း ဖျက်သိမ်းရန် သို့မဟုတ် ပြောင်းလဲရန်အတွက် MDwise သို့ ချက်ချင်း ဖုန်းဆက်ပါ။

အမှန်တကယ် အရေးပေါ်အခြေအနေ ကြုံတွေ့မှသာ လူနာတင်ယာဉ်ကို ခေါ်သင့်ပါသည်။ အမှန်တကယ် အရေးပေါ် ကိစ္စရပ်များအတွက် ဥပမာများကို အသင်းဝင်လက်စွဲစာအုပ်တွင် ကြည့်ပါ။ အကယ်၍ သင့်ပြဿနာမှာ အန္တရာယ်တာရှည် ဖြစ်စေနိုင်သည် သို့မဟုတ် အသက်ဆုံးရှုံးနိုင်သည်ဟု သင်ယူဆပါက 911 သို့ ဖုန်းဆက်ပါ။

MDwise — A McLaren Company

RIDEwise

** အရေးကြီး ချိန်းဆိုမှုများ ကျောက်ကပ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ အနာဆေးထည့်ခြင်း၊ ကင်ဆာကုထုံး၊ ဆေးရုံဆင်းခြင်းနှင့် ပြင်ပလူနာ ခွဲစိတ်မှု

RR2022_HHWHIPM0579 (11/2022)